ပုံစံ (မနသ-၂)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
ခွင့်ပြုမိန့်

ခွင့်ပြုမိန့် အမှတ်၊ မနသ-၁၀၂၆/၂၀၁၅ ။ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ (ခ) အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) **ရင်းနှီးမြှုပ်နှံသူ၏အမည်** ဦးဝင်းဟို(ခ)ဦးဝင်းအောင်

(ခ) **အဘအမည်** ချန်ကိုစိန် (ခ) ဦးမြအောင်

(ဂ) **နိုင်ငံသား/ အမျိုးသားမှတ်ပုံတင်အမှတ်** ၁၂/လမန(နိုင်) ၁၁၂၈၁၂

(ဃ) **နေရပ်လိပ်စာ** တိုက်အမှတ်(၃)၊အခန်း(၃၀၂)၊ လှိုင်သီရိအိမ်ရာ၊ အင်းစိန်လမ်း၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(င) **ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့်အဖွဲ့အစည်း** Thein Wa Garment Company Limited [သိမ်းဝါးမန့်ကုမ္ပဏီလီမိတက်]

(စ) **ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်လုပ်ငန်းအမျိုးအစား** CMP စနစ်ဖြင့် Jacket , Shirt, Sportswear နှင့် Pants စသည့် အဝတ်အထည်မျိုးစုံချုပ်လုပ်ခြင်းလုပ်ငန်း

(ဆ) **ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့်အရပ်ဒေသ(များ)** မြေကွက်အမှတ် (၃)၊ မြေတိုင်းရပ်ကွက်အမှတ် (င)၊ ပဒုမ္မာလမ်း၊ မြောက်ဥက္ကလာပစက်မှုဇုန်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာ ၀.၁၁၉ ဧက

(ဇ) **မတည်ငွေရင်းပမာဏ(ကျပ်)** **ကျပ် ၂၈၇.၈၄၀ သန်း** (အမေရိကန်ဒေါ်လာ ၂၁၅,၈၄၀ အပါအဝင်) (ကျပ် သန်းပေါင်း နှစ်ရာ ရှစ်ဆယ့်ခုနှစ်သန်းနှင့် ရှစ်သိန်းလေးသောင်း ခန့်)

ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စာအမှတ်..............
ရက်စွဲ..............
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ကန့်သတ်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

အမိန့်ကြော်ငြာစာအမှတ်၊ ၁၃ /၂၀၁၅(မနသ)

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်

၁။ မြန်မာကုမ္ပဏီဖြစ်သော Thein Wa Garment Company Limited [သိမ်းဝါးမန့် ကုမ္ပဏီလီမိတက်]သည် မြေကွက်အမှတ် (၃)၊ မြေတိုင်းရပ်ကွက်အမှတ် (၎)၊ ပဒုမ္မာလမ်း၊ မြောက်ဥက္ကလာပစက်မှုဇုန်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာ ၅,၂၀၀ စတုရန်းပေတွင် CMP စနစ်ဖြင့် Jacket , Shirt, Sportswear, Pants စသည့် အဝတ်အထည်မျိုးစုံချုပ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြချက်အား(၁၆-၁-၂၀၁၅)နေ့ တွင် ကျင်းပသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁/၂၀၁၅) အစည်းအဝေး၌ တင်ပြခဲ့ရာခွင့်ပြုကြောင်းဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၇)၊ ပုဒ်မ ၁၂(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် Thein Wa Garment Company Limited [သိမ်းဝါးမန့် ကုမ္ပဏီလီမိတက်]အား CMP စနစ်ဖြင့် Jacket, Shirt, Sportswear, Pants စသည့် အဝတ်အထည်မျိုးစုံချုပ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုမိန့်အမှတ်၊ မနသ-၁၀၂၆/၂၀၁၅ ကို ထုတ်ပေးလိုက်သည်။

၂။ Thein Wa Garment Company Limited [သိမ်းဝါးမန့်ကုမ္ပဏီလီမိတက်] အနေဖြင့် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၁၁)အရ ဝင်ငွေခွန် ကင်းလွတ်ခွင့်နှင့် အောက်ဖော်ပြပါ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုနိုင်ရန် ဤအမိန့် ကြော်ငြာစာ ကိုထုတ်ပြန်လိုက်သည် -

(က)ဥပဒေပုဒ်မ ၂၀(က)အရ ထုတ်လုပ်မှု လုပ်ငန်း စီးပွားဖြစ် စတင်သော နှစ်အပါအဝင် တစ်ဆက်တည်း(၅)နှစ်အထိ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်။

(ခ) ဥပဒေပုဒ်မ ၂၀(ဂ) အရ လုပ်ငန်းမှ ရရှိသောအမြတ်ငွေကို သီးသန့်ရန်ပုံငွေထား၍ တစ်နှစ်အတွင်းလုပ်ငန်း၌ ပြန်လည်ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့် ကာလ ကုန်ဆုံးပြီး၍ အမှန်တကယ် ပြန်လည် ရင်းနှီးမြှုပ်နှံသည့်အခါ လုပ်ငန်းအမှန်တကယ် အကောင်အထည်ဖော်မှုအခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဂ) ဥပဒေပုဒ်မ ၂၀(ဃ) အရ လုပ်ငန်းက ထုတ်လုပ်သည့်ပစ္စည်းကို ပြည်ပသို့ တင်ပို့ရောင်းချလျှင် ထိုသို့တင်ပို့ရောင်းချ၍ရရှိသော အမြတ်ငွေပေါ်တွင် ၅၀ ရာခိုင်နှုန်းအထိ ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန် အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့် (၅)နှစ်

ခံစားပြီးနောက် လုပ်ငန်း၏ အမှန်တကယ်အကောင်အထည်ဖော်နိုင်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဃ)ဥပဒေပုဒ်မ ၂၀(စ)အရ ဝင်ငွေခွန်ကင်းလွတ်ခွင့်ခံစားပြီး တစ်ဆက်တည်း နှစ်နှစ်အတွင်း အမှန်တကယ် ပေါ်ပေါက်သည့် အရှုံးငွေကိုယင်းသို့ အရှုံးပေါ်ပေါက်သည့် နှစ်မှစ၍ တစ်ဆက်တည်း သုံးနှစ်ကာလအထိ သယ်ယူခုနှိမ်ခွင့်ကို လုပ်ငန်း အမှန်တကယ် အကောင်အထည်ဖော်မှုအခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(င)ဥပဒေပုဒ်မ၂၀(ဇ)အရ ဝင်ငွေခွန်စည်းကြပ်ရန်အလို့ငှာ ယာဉ်ယန္တရား၊ စက်ပစ္စည်းကိရိယာ၊ အဆောက်အဦ သို့မဟုတ် လုပ်ငန်းသုံးအခြားမတည်ပစ္စည်းများ အပေါ်တွင် နိုင်ငံတော်ကသတ်မှတ်ထားသည့် ပစ္စည်းတန်ဖိုးလျော့တွက်နှုန်းများအတိုင်း တွက်ချက်ပြီး ပစ္စည်းတန်ဖိုးလျော့တွက်ငွေကို အမြတ်ငွေထဲမှ နုတ်ပယ်ခွင့်နှင့် စပ်လျဉ်း၍ ယင်းတန်ဖိုးလျော့နှုန်းထားများကို ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(စ)ဥပဒေပုဒ်မ၂၀(ဈ)အရ လုပ်ငန်းတည်ဆောက်မှု ပြီးစီး၍ ပထမသုံးနှစ်အတွက် ကုန်ထုတ်လုပ်ရန် တင်သွင်းသည့် ကုန်ကြမ်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြား ပြည်တွင်း အခွန်အကောက်များ ဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ကို ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဆ)ဥပဒေပုဒ်မ၂၀(ည)အရ ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်ပြီး မူလရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းကို ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း အမှန်တကယ် အသုံးပြုရန် လိုအပ်၍ ပြည်ပမှတင်သွင်းသော ယာဉ်ယန္တရားများ၊ စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ အသုံးအဆောင်တန်ဆာပလာများ၊ စက်ကိရိယာအစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင် အကောက်ခွန်နှင့် အခြားပြည်တွင်း အခွန်အကောက်များ ကင်းလွတ်ခွင့်ကို ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဇ)ဥပဒေပုဒ်မ၂၀(ဋ)အရ ပြည်ပသို့တင်ပို့ရန် ထုတ်လုပ်သည့် ပစ္စည်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ကို ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

၃။ Thein Wa Garment Company Limited [သိမ်းဝါဂါးမန့်ကုမ္ပဏီလီမိတက်]သည် ဤခွင့်ပြုမိန့်အရ လုပ်ငန်းဆောင်ရွက်ရာတွင် မူလ အဆိုပြုလွှာ၌ ဖော်ပြထားသည့် **ထုတ်လုပ်မှုရည်မှန်းချက်များကို အနိမ့်ဆုံးရည်မှန်းချက်များ** အဖြစ် ထား၍ ဆောင်ရွက် အကောင်အထည်ဖော်ရမည်။

၄။ Thein Wa Garment Company Limited [သိမ်းဝါဂါးမန့်ကုမ္ပဏီလီမိတက်] သည် ဤအဆိုပြုလုပ်ငန်း၏ စာရင်းများကို သီးခြားပြုစု ထားရှိရမည်။

၅။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် မြေအသုံးပြုမှုနှင့် စပ်လျဉ်း၍ နိုင်ငံတော် အစိုးရမှ မြေယာနှင့်ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းသည့် စည်းကမ်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

၆။ Thein Wa Garment Company Limited [သိမ်းဝါးမန့်ကုမ္ပဏီလီမိတက်]သည် အဆိုပြုလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက် မြေနှင့် အဆောက်အဦ အငှားချထားသူ ဒေါ်ခင်စီနှင့် အငှားချထားခြင်းခံရသူ Thein Wa Garment Company Limited [သိမ်းဝါးမန့်ကုမ္ပဏီလီမိတက်] တို့ချုပ်ဆိုမည့် မြေနှင့် အဆောက်အဦ ငှားရမ်းခြင်း သဘောတူစာချုပ်ကို လက်မှတ်ရေးထိုး၍ထိုက်သင့်သော တံဆိပ်ခေါင်းခွန်များအားဆောင်ပြီးသည့်အခါ ယင်းသဘောတူစာချုပ် မိတ္တူ(၅)စောင်ကို ဤကော်မရှင်သို့ မပျက်မကွက် ပေးပို့တင်ပြရမည်။

၇။ Thein Wa Garment Company Limited [သိမ်းဝါးမန့်ကုမ္ပဏီလီမိတက်]သည် အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက်ပျက်စီးမှုများ လျော့နည်းစေရေးတို့အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP)ကို ပြုလုပ်ဆောင်ရွက်ပြီး ယင်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကော်မရှင်နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနတို့သို့ ပေးပို့အစီရင်ခံရမည်။

၈။ Thein Wa Garment Company Limited [သိမ်းဝါးမန့်ကုမ္ပဏီလီမိတက်]သည် အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန်အတွက် ပြည်တွင်းအလုပ်သမားများ ခန့်ထားရာတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။ ထို့အပြင် အလုပ်ရှင်နှင့် အလုပ်သမား ဆက်ဆံရေး ပြေလည်စေရန် အလေးထား ဆောင်ရွက်ရမည်။ လုပ်ငန်းခွင်သာယာရေးနှင့် စာရင်းဇယားများ စနစ်တကျရှိစေရေးအတွက် အဆိုပြုချက်တွင် တင်ပြထားသည့်အတိုင်း စီစဉ်ဆောင်ရွက်ရမည်။

၉။ Thein Wa Garment Company Limited [သိမ်းဝါးမန့်ကုမ္ပဏီလီမိတက်]သည် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်ရာ၌ မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရန်အတွက် လိုအပ်သည့် မီးဘေးအန္တရာယ် ထိန်းသိမ်းကာကွယ်ရေး အစီအမံများကို ဝန်ခံကတိပြုထားသည့် အတိုင်း စနစ်တကျထားရှိ ဆောင်ရွက်ရမည်ဖြစ်ပြီး မီးသတ်ဦးစီးဌာန၏ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ညွှန်ကြားချက်များနှင့် အမိန့်များကို တိကျစွာလိုက်နာ ဆောင်ရွက်ရမည်။ ထို့ပြင် ရေသိုလှောင်ကန်၊ မီးသတ်ဆေးဘူးများကဲ့သို့ မီးဘေး အန္တရာယ် ကြိုတင် ကာကွယ်မှု ဆောင်ရွက်ချက်များကို ဆောင်ရွက်ရမည်ဖြစ်ပြီး မီးငြိမ်းသတ်ရေး လုပ်ငန်းသုံးပစ္စည်း များကို အသုံးပြုတတ်စေရန် သင်တန်းများပေးရမည်။

၁၀။ ထို့ပြင် ပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းမှုများ မဖြစ်ပေါ်စေရန်အတွက် လိုအပ်သည့် ပတ်ဝန်းကျင် ညစ်ညမ်းမှု ထိန်းသိမ်းကာကွယ်ရေး အစီအမံများကို ဝန်ခံကတိပြုထား သည့်အတိုင်း စနစ်တကျထားရှိ ဆောင်ရွက်ရမည်ဖြစ်ပြီး နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့်

ပတ်ဝန်းကျင် ထိန်းသိမ်းရေး မူဝါဒ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ အခြားသော ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ နည်းဥပဒေများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာ လိုက်နာ ဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ထားမှု အခြေအနေကို ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံရမည်။

၁၁။ Thein Wa Garment Company Limited [သိမ်းဝဂါးမန့်ကုမ္ပဏီလီမိတက်]သည် ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေအရ ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီး ဌာနတွင် ပုဂ္ဂလိကစက်မှုလုပ်ငန်း မှတ်ပုံတင် ထားရှိဆောင်ရွက်ရမည်။

၁၂။ Thein Wa Garment Company Limited [သိမ်းဝဂါးမန့်ကုမ္ပဏီလီမိတက်]သည် ကနဦး လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဤခွင့်ပြုမိန့် ရရှိပြီး (သုံး)လ အတွင်း ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံရမည်။ ထို့အပြင် လုပ်ငန်း အကောင်အထည်ဖော်မှု အခြေအနေများကို သတ်မှတ်ထားသော ပုံစံဇယားများဖြင့် (၃)လ တစ်ကြိမ် **မပျက်မကွက်** ပုံမှန်ပေးပို့ အစီရင်ခံရမည်။ အဆိုပြု လုပ်ငန်း၏ စီးပွားဖြစ် စတင်ဆောင်ရွက်သည့် နေ့ရက်ကို စီးပွားဖြစ်စတင်ပြီး (တစ်)လ အတွင်း ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံရမည်။

၁၃။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ခွင့်ပြုမိန့်တွင် ဖော်ပြထားသည့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည့် နေရပ်ဒေသ လိပ်စာ နှင့် ရင်းနှီးမြှုပ်နှံသူ၏ အဖွဲ့အစည်း၏ နေရပ်လိပ်စာ (ကုမ္ပဏီ၏ ရုံးခန်းလိပ်စာ နှင့် တယ်လီဖုန်းနံပါတ်)တို့ ပြောင်းလဲမှုရှိတိုင်း ဤကော်မရှင်သို့ **မပျက်မကွက်** တင်ပြ၍ အတည်ပြု ခွင့်ပြုချက်ကို ရယူရမည်။

၁၄။ Thein Wa Garment Company Limited [သိမ်းဝဂါးမန့်ကုမ္ပဏီလီမိတက်]သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ချမှတ်ထားသော တည်ဆဲ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များ နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၁၅။ အဆိုပြုလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ရမည် ဖြစ်သဖြင့် မည်သည့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား အဖွဲ့အစည်းကမျှ ပိုင်ဆိုင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းမရှိစေရ။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ထုတ်ပေးထားသော ခွင့်ပြုမိန့်၊ သက်ဆိုင်ရာဌာနများမှ ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်များနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ပြည်ပမှတင်သွင်းသည့် ပစ္စည်းများကို တစ်ဆင့် လွှဲပြောင်းခြင်း၊ ရောင်းချခြင်းမပြုရ။ အကယ်၍ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား အဖွဲ့အစည်းက ပိုင်ဆိုင်ကြောင်း သို့မဟုတ် ခွင့်ပြုမိန့်၊ လုပ်ငန်းလိုင်စင် တို့ကို တစ်နည်းနည်းဖြင့် စီမံခန့်ခွဲကြောင်း သက်ဆိုင်ရာက စစ်ဆေးတွေ့ရှိလျှင် လိုအပ်သလို အရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရ ဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်မည့်အပြင် လုပ်ငန်း အဆိုပြုသူသည် မြန်မာနိုင်ငံသားများ

ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၃၂(င)အရ နောင်တွင်မည်သည့် ခွင့်ပြုမိန့်မျှ ထုတ်ပေးမည်မဟုတ်သော နာမည်ပျက် စီးပွားရေး လုပ်ငန်းစာရင်း၌ ထည့်သွင်းခြင်းခံရမည်။

၁၆။ ဤခွင့်ပြုမိန့် ထုတ်ပေးသည့်နေ့မှစ၍ (တစ်)နှစ်အတွင်း အဆိုပြုလုပ်ငန်းကို စတင်ဆောင်ရွက်ခြင်း မပြုနိုင်ပါက ဤခွင့်ပြုမိန့်သည် အလိုအလျောက် ပျက်ပြယ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(ဇေယျာအောင်)
ဥက္ကဋ္ဌ

စာအမှတ်၊ ရက-၃ / မ- ၁၁၁၈ / ၂၀၁၅ (၂၅၆ - ၈၀)
ရက်စွဲ၊ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်

ဖြန့်ဝေခြင်း

သမ္မတဦးစီးရုံး

ဒုတိယသမ္မတ(၁)ဦးစီးရုံး

ဒုတိယသမ္မတ(၂)ဦးစီးရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

မြန်မာနိုင်ငံတော် ဗဟိုဘဏ်

ပြည်ထဲရေးဝန်ကြီးဌာန

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန

စက်မှုဝန်ကြီးဌာန

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

ဘဏ္ဍာရေးဝန်ကြီးဌာန

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန

ဆောက်လုပ်ရေးဝန်ကြီးဌာန

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

ဥက္ကဋ္ဌ၊ CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ

ညွှန်ကြားရေးမှူးချုပ်၊ မီးသတ်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ဆက်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ လျှပ်စစ်ဓါတ်အား လုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များ ဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ အာမခံ လုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

အုပ်ချုပ်မှုဒါရိုက်တာ၊ Thein Wa Garment Company Limited [သိမ်းဝါးမန့်ကုမ္ပဏီလီမိတက်]

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဖြင့် တင်ပြလာသော သိမ်းဝဂါးမန့်ကုမ္ပဏီလီမိတက်လုပ်ငန်း၏ ကော်မရှင်အစည်းအဝေးသို့ တင်ပြရန်ကြာချိန်

စဉ်	အကြောင်းအရာ	ဆောင်ရွက်သည့်နေ့စွဲ	ပြန်ကြားချက် ရရှိသည့်နေ့စွဲ	မှတ်ချက်
၁	အဆိုပြုချက်လက်ခံရရှိခြင်း	၂၄-၁၁-၂၀၁၄	-	
၂	**သဘောထားမှတ်ချက်တောင်းခံခြင်း**			
	- စီမံကိန်းစီစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေး ဦးစီးဌာန	၂၆-၁၁-၂၀၁၄	၂-၁၂-၂၀၁၄	
	- ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့	၂-၁၂-၂၀၁၄	၂၂-၁၂-၂၀၁၄	
	- ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့်သစ်တောရေးရာဝန်ကြီးဌာန	၂-၁၂-၂၀၁၄	၁၅-၁၂-၂၀၁၄	
	- စက်မှုဝန်ကြီးဌာန	၂-၁၂-၂၀၁၄	၁၆-၁၂-၂၀၁၄	
	- CMP လုပ်ငန်းများ ကြီးကြပ်ရေး ကော်မတီ	၂-၁၂-၂၀၁၄	၁၅-၁၂-၂၀၁၄	
၃	အဆိုပြုချက်စိစစ်ရေးအဖွဲ့ အစည်းအဝေးတင်ပြခြင်း(၄၈/၂၀၁၄)	၅-၁၂-၂၀၁၄	-	
၄	အဆိုပြုချက်စိစစ်ရေးအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက် ကုမ္ပဏီသို့ ပြန်ကြားခြင်း	၅-၁၂-၂၀၁၄		
၅	ကုမ္ပဏီမှ ပြင်ဆင်ပြီး အဆိုပြုလွှာ (၁၅)စုံ ပေးပို့ခြင်း	၂-၁-၂၀၁၅		
၆	**စုစုပေါင်းကြာမြင့်ရက်**	**(၃၃)ရက်**		

ကုမ္ပဏီအမည်	-	သိမ်းဝါါးမန့်ကုမ္ပဏီလီမိတက်
အဖွဲ့အစည်းပုံသဏ္ဍာန်	-	မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု
လုပ်ငန်းအမျိုးအစား	-	CMP စနစ်ဖြင့် Jacket , Shirt, Sportswear, Pants စသည့် အဝတ်အထည်မျိုးစုံချုပ်လုပ်ခြင်းလုပ်ငန်း
တည်နေရာ	-	အမှတ် (၃)၊ မြေကွက်အမှတ် (င)၊ မြောက်ဥက္ကလာပစက်မှုဇုန်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာ ၀.၁၁၉ ဧက (၅,၂၀၀ စတုရန်းပေ)
စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	-	ကျပ် ၂၈၇.၈၄၀ သန်း
အရင်းကြေကာလ	-	၃ နှစ် ၁၁ လ
IRR	-	၂၉ %

အထက်ပါလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ Cost & Benefit ကို အောက်ပါဇယားဖြင့် ပြုစု တင်ပြအပ်ပါသည်-

စဉ်	အကြောင်းအရာ	Cost	Benefit
၁	နိုင်ငံ့ဝန်ထမ်းလစာ	ကျပ် ၁.၅၄၈ သန်း (တစ်နှစ်)	
၂	ကုမ္ပဏီမှတ်ပုံတင်ကြေး	-	ကျပ် ၁.၁၆၅ သန်း
၃	သွင်းကုန်အခွန်ကင်းလွတ်ခွင့်	ကျပ် ၁၀.၇၉၂ သန်း	
၄	ဝင်ငွေခွန်	ကျပ် ၇၇.၈၅၃ သန်း	ကျပ် ၁၀၉.၂၁၂ သန်း
၅	လျှပ်စစ်မီးသုံးစွဲခ		ကျပ် ၁၆၂.၀၀၀ သန်း
၆	လုပ်ခလစာအပေါ်ဝင်ငွေခွန်		တစ်နှစ်ဝင်ငွေကျပ်သိန်း နှစ်ဆယ် ထက်ကျော်ပါက အခွန်ပေးရမည့် ဝန်ထမ်း(၉)ဦး
၇	CSR (၂ %)		ကျပ် ၁၄.၉၆၅ သန်း
၈	အလုပ်အကိုင်အခွင့်အလမ်း		ပြည်တွင်း ဝန်ထမ်း (၄၀၀) ဦး အလုပ်အကိုင်ရရှိမည် ဖြစ်ပါသည်။
		ကျပ် ၉၀.၁၉၃ သန်း	**ကျပ် ၂၈၇.၃၄၂ သန်း**
၉	**Cost : Benefit**	**၁ : ၃**	

ကန့်သတ်

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေဖြင့် သိမ်းဝဂါးမန့်ကုမ္ပဏီလီမိတက်သည် မြေကွက်အမှတ် (၃)၊ မြေတိုင်းရပ်ကွက်အမှတ် (င)၊ မြောက်ဥက္ကလာပစက်မှုဇုန်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် CMP စနစ်ဖြင့် Jacket , Shirt, Sportswear, Pants စသည့် အဝတ်အထည်မျိုးစုံချုပ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခွင့်နှင့် စပ်လျဉ်းသည့် အဓိကအချက်များ

၁။	ကုမ္ပဏီအမည်	- သိမ်းဝဂါးမန့်ကုမ္ပဏီလီမိတက်
	လုပ်ငန်းအဆိုပြုသူအမည်	- ဦးဝင်းဟို (ခ) ဦးဝင်းအောင် (အဘ-ဦးမြအောင်)
၂။	အဖွဲ့အစည်းပုံသဏ္ဌာန်	- လီမိတက်ကုမ္ပဏီ (Private Company ဖြစ်ပါသည်)
၃။	အဆိုပြုလုပ်ငန်းအမျိုးအစား	- CMP စနစ်ဖြင့် Jacket , Shirt, Sportswear, Pants စသည့် အဝတ်အထည်မျိုးစုံချုပ်လုပ်ခြင်းလုပ်ငန်း
၄ ။	လုပ်ငန်းတည်နေရာ	- မြေကွက်အမှတ် (၃)၊ မြေတိုင်းရပ်ကွက်အမှတ် (င)၊ မြောက်ဥက္ကလာပစက်မှုဇုန်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာ ၀.၁၁၉ ဧက (၅,၂၀၀ စတုရန်းပေ)
၅။	ရင်းနှီးမြှုပ်နှံမှုသက်တမ်း	- (၁၀) နှစ်
၆။	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	- ကျပ် ၂၈၇.၈၄၀ သန်း

ထည့်ဝင်သည့် အမျိုးအစား	ကျပ် (သန်း)	US$	စုစုပေါင်းကျပ် (သန်း)
ငွေသား	၅၀.၀၀၀		၅၀.၀၀၀
စက်နှင့်စက်ပစ္စည်း(ပြည်ပ)		၂၁၅,၈၄၀	၂၁၅.၈၄၀
ပရိဘောဂ/ရုံးသုံးပစ္စည်း(ပြည်တွင်း)	၂၂.၀၀၀		၂၂.၀၀၀
စုစုပေါင်း	**၇၂.၀၀၀**	**၂၁၅,၈၄၀**	**၂၈၇.၈၄၀**

၇။	တည်ဆောက်ရေးကာလ	- (၁)နှစ်
၈။	ကုမ္ပဏီ၏ဝင်ငွေ (ဆဋ္ဌမနှစ်)	- ကျပ် ၁၁၄၉.၈၀၂ သန်း
	ကုမ္ပဏီ၏အသုံးစရိတ်(ဆဋ္ဌမနှစ်)	- ကျပ် ၁၀၆၇.၈၉၃ သန်း
	ကုမ္ပဏီ၏ အသားတင်အမြတ် (ဆဋ္ဌမနှစ်)	- ကျပ် ၈၁.၉၀၉ သန်း
၉။	နိုင်ငံတော်မှ ရရှိမည့် အကျိုးအမြတ် (ဆဋ္ဌမနှစ်)	
	ဝင်ငွေခွန်	- ကျပ် ၂၇.၃၀၃ သန်း
၁၀။	အရင်းကြေကာလ	- ၃ နှစ် ၁၁ လ
၁၁။	အရင်းအနှီးအပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR)	- ၂၉ %
၁၂။	ရောင်းချပုံ နည်းစနစ်	- ၁၀၀ % ပြည်ပသို့ တင်ပို့ခြင်း

ကန့်သတ်

၁၃။	ဝန်ထမ်းအင်အား (ပြည်တွင်း) (ပြည်ပ)	- ၄၀၀ဦး (ပြည်တွင်းအနိမ့်ဆုံးဝန်ထမ်းတစ်ဦး၏ လစာမှာ ကျပ် ၉၀,၀၀၀ နှင့် အမြင့်ဆုံးလစာမှာ ကျပ် ၄၀၀,၀၀၀) - ၅ ဦး (အချိန်ပိုင်းခန့်အပ်ထားမည်ဖြစ်ပါသည်)
၁၄။	လျှပ်စစ်ဓါတ်အားသုံးစွဲမှု	- ၅၀၀ kwh
၁၅။	ကုမ္ပဏီမှ ဆောင်ရွက်မည့် CSR	- မြန်မာနိုင်ငံတော်ရှိ လူ့အဖွဲ့အစည်းများ၏ လူမှုရေးလုပ်ရှားဆောင်ရွက်မှုလုပ်ငန်းများဖြစ်သောစက်ရုံပတ်ဝန်းကျင်ရှိ စာသင်ကျောင်းများ၊ အထည်ချုပ်လုပ်ငန်းများအတွက် ပညာဒါနအသက်မွေး ဝမ်းကျောင်းပညာရပ်များ၊ စက်ရုံပတ်ဝန်းကျင်ရှိလမ်းနှင့် တံတားတည်ဆောက်မှုလုပ်ငန်းများအတွက် လုပ်ငန်းမှရရှိသော နှစ်စဉ် အသားတင်အမြတ်ငွေ၏ ၂ % ကို Corporate Social Responsibility အဖြစ် အသုံးပြုမည်ဖြစ်ကြောင်း တင်ပြထားပါသည်။
၁၆။	မီးဘေးကာကွယ်ရေး အစီအစဉ်	- မီးဘေးအန္တရာယ် မဖြစ်ပွားစေရန်အတွက် ကြိုတင်ကာကွယ်တားဆီးမှု အစီအမံများအနေဖြင့် စက်ရုံအတွင်းနှင့်အနီးပတ်ဝန်းကျင်တွင် ဆေးလိပ်သောက်ခြင်းကို တင်းကြပ်စွာတားမြစ်ခြင်းနှင့် လျှပ်စစ်အန္တရာယ်မဖြစ်ပေါ်ရေးတို့ကို အစဉ်အမြဲစိစစ် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လျှပ်စစ်အန္တရာယ်မဖြစ်ပွားစေရန် အလိုအလျောက် ဓါတ်အားဖြတ်တောက်သည့် Breaker System များ၊ Central Alram System များ တပ်ဆင် ထားရှိမည်ဖြစ်ပါကြောင်း တင်ပြထား ပါသည်။
၁၇။	အခြား	- သိမ်းဝဂါးမန့် ကုမ္ပဏီလီမိတက်၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများကိုတင်ပြထားပါသည်။ - ကျပ်ငွေ အထောက်အထားအဖြစ် ဒေါ်နွယ်နွယ်ဌေးသည် Kanbawza Bank Limited (Thamine Branch) တွင် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၀ ရက်စွဲဖြင့် ကျပ်ငွေ ၂၀,၀၀၀,၀၀၀ရှိကြောင်း၊ဒေါ်အေးကြူကြူသည် Ayeyarwady Bank Limited (North Okkalapa Branch) တွင် ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်စွဲဖြင့် ကျပ်ငွေ ၄,၀၀၀,၀၀၀ ရှိကြောင်းတင်ပြထားပါသည်။ - မြေပိုင်ဆိုင်မှု အထောက်အထား၊ မြေနှင့် အဆောက်အဦငှားရမ်းခြင်း သဘောတူစာချုပ်(မူကြမ်း)၊ ဖက်စပ်သဘောတူစာချုပ် (မူကြမ်း) ကို တင်ပြထားသည်။

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ရက-၃/ မ-၁၁၁၈/၂၀၁၅(၄၃)
ရက်စွဲ၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့တင်ပြသည့်
အမှာစာ

အကြောင်းအရာ။ **သိမ်းဝဂါးမန့်ကုမ္ပဏီလီမိတက်မှ CMP စနစ်ဖြင့် Jacket, Shirt, Sportswear, Pants စသည့် အဝတ်အထည်မျိုးစုံချုပ်လုပ်ခြင်းလုပ်ငန်းအား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်းကိစ္စ**

၁။ သိမ်းဝဂါးမန့် ကုမ္ပဏီလီမိတက်သည် မြေကွက်အမှတ် (၃)၊ မြေတိုင်းရပ်ကွက်အမှတ် (င)၊ မြောက်ဥက္ကလာပစက်မှုဇုန်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာ ၀.၁၁၉ ဧက (၅,၂၀၀ စတုရန်းပေ)တွင် CMP စနစ်ဖြင့် Jacket, Shirt, Sportswear, Pants စသည့် အဝတ်အထည်မျိုးစုံချုပ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးဝင်းဟို (ခ) ဦးဝင်းအောင် (အဘ-ဦးမြအောင်)မှ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အဆိုပြုချက် တင်ပြလာပါသည်။

၂။ လုပ်ငန်း၏ရင်းနှီးမြှုပ်နှံမှုသက်တမ်းမှာ အနည်းဆုံး(၁၀)နှစ် ဖြစ်ပါသည်။ တည်ဆောက်ရေးကာလ (၁)နှစ် ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်မည့် မြေနှင့် ၃ထပ် အဆောက်အဦ ငှားရမ်းခြင်းအတွက် ဒေါ်ခင်စီနှင့် သိမ်းဝဂါးမန့် ကုမ္ပဏီလီမိတက်တို့ နှစ်ဦးသဘောတူ ချုပ်ဆိုမည့် မြေနှင့်အဆောက်အဦငှားရမ်းခြင်း သဘောတူစာချုပ် (မူကြမ်း) တင်ပြထားပါသည်။ မြေငှားသက်တမ်းမှာ (၁၀)နှစ် ဖြစ်ပြီး (၅) နှစ် (၂)ကြိမ် သက်တမ်းတိုးမည်ဖြစ်ပါသည်။

၃။ လုပ်ငန်း၏ရင်းနှီးမြှုပ်နှံမှုပမာဏမှာ စုစုပေါင်း ကျပ် ၂၈၇.၈၄၀ သန်း ဖြစ်ပြီး အဆိုပြုလုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

		ကျပ် (သန်း)	US$	စုစုပေါင်းကျပ် (သန်း)
(က)	ငွေသား	၅၀.၀၀၀	-	၅၀.၀၀၀
(ခ)	စက်နှင့်စက်ပစ္စည်း(ပြည်ပ)	-	၂၁၅,၈၄၀	၂၁၅.၈၄၀
(ဂ)	ပရိဘောဂ/ရုံးသုံးပစ္စည်း(ပြည်တွင်း)	၂၂.၀၀၀	-	၂၂.၀၀၀
	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	**၇၂.၀၀၀**	**၂၁၅,၈၄၀**	**၂၈၇.၈၄၀**

၄။ လုပ်ငန်းဆောင်ရွက်ရန် ပြည်တွင်းဝန်ထမ်း(၄၀၀)ဦး ခန့်ထားမည်ဖြစ်ပြီး ပြည်ပမှ ကျွမ်းကျင်သူ (၅)ဦးအား အချိန်ပိုင်းဖြင့် ခန့်ထားမည်ဖြစ်ပါသည်။ ပြည်တွင်း အနိမ့်ဆုံးဝန်ထမ်း(၁)ဦး၏ လစာမှာ ကျပ် ၉၀,၀၀၀ ဖြစ်ပြီး အမြင့်ဆုံး ဝန်ထမ်း(၁)ဦး၏ လစာမှာ ကျပ် ၄၀၀,၀၀၀ ဖြစ်ပါသည်။

၅။ အဆိုပြုလုပ်ငန်းမှ ထွက်ရှိသောကုန်ချောများကို ပြည်ပသို့ ၁၀၀% တင်ပို့မည်ဖြစ်ပါသည်။ ပုံမှန်နှစ်(၆-နှစ်မြောက်)တွင် ထုတ်လုပ်မှုအရေအတွက်နှင့် CMPလက်ခနှုန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

စဉ်	အမျိုးအမည်	ထုတ်လုပ်မှု (psc)	CMP လက်ခနှုန်း (US$/ psc)
(က)	Jacket	၇၂,၂၃၆	၃.၁၈
(ခ)	Shirt	၁၄၄,၄၇၂	၂.၃၂
(ဂ)	Sportswear	၁၈၀,၅၉၀	၂.၀၃
(ဃ)	Pants	၁၀၈,၃၅၄	၂.၀၃

၆။ လုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် ကုမ္ပဏီမှ ပုံမှန်နှစ်(၆-နှစ်မြောက်)တွင် ရရှိမည့်ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

		ကျပ်(သန်း)
(က)	ဝင်ငွေ	၁၁၄၉.၈၀၂
(ခ)	အသုံးစရိတ်	၁၀၆၇.၈၉၃
(ဂ)	အသားတင်အမြတ်	၈၁.၉၀၉

၇။ နိုင်ငံတော်မှ ပုံမှန်နှစ် (၆-နှစ်မြောက်)တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ ဝင်ငွေခွန် ကျပ် ၂၇.၃၀၃ သန်း ရရှိမည်ဖြစ်ပါသည်။ အဆိုပြု လုပ်ငန်း၏ အရင်းကြေ ကာလမှာ ၃ နှစ် ၁၁ လ ဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR)မှာ ၂၉ % ဖြစ်ပါသည်။ အမေရိကန် တစ်ဒေါ်လာလျှင် ၁,၀၀၀ ကျပ်နှုန်းဖြင့် တွက်ချက်ထားပါသည်။

၈။ အဆိုပြုချက်နှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် CMPလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ တို့သို့ သဘောထားတောင်းခံခဲ့ရာ အောက်ပါ အတိုင်း သဘောထား ပြန်ကြားလာပါသည်-

(က) **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**မှ ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် နေရာသည် နောင်ပြုလုပ်မည့်(သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းအား ထိခိုက်နိုင်ခြင်း မရှိပါ

ကြောင်း၊ အဆိုပြုလုပ်ငန်း လုပ်ကိုင်ပါက ပြည်တွင်း လုပ်သားအင်အား (၄၀၀)ဦး အလုပ်အကိုင်ရရှိမည်ဖြစ်သောကြောင့် မြို့နယ်ဒေသအလုပ်အကိုင် အခွင့်အလမ်းနှင့်ဒေသစီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအတွက် အထောက်အကူ ဖြစ်စေပါကြောင်း၊ အဆိုပြုလုပ်ငန်း လုပ်ကိုင်ရန်အတွက် အမှတ်-၃၊ ပဒုမ္မာလမ်း၊ မြောက်ဥက္ကလာပ စက်မှုဇုန်၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေဧရိယာ ၅၂၀၀ စတုရန်းပေရှိ မြေနှင့် အဆောက်အဦကို တစ်လလျှင် ငွေကျပ် (၁၅) သိန်းဖြင့် (၁၀) နှစ်ငှားရမ်းလုပ်ကိုင်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်းရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၄၈/၂၀၁၄) ဆုံးဖြတ်ချက် အပိုဒ်(၃၉)အရ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ဆောင်ရွက်မှုအား ခွင့်ပြုသင့်ပါကြောင်း သဘောထား ပြန်ကြားထားပါသည်။ **(နောက်ဆက်တွဲ - က)**

(ခ) **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန** မှ အဆိုပြုလုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် ကိစ္စနှင့်ပတ်သက်၍ အောက်ဖော်ပြပါ အချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားထားပါသည်-

(၁) ကုန်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက်မှုပျက်စီးမှုများကို လျော့နည်းစေရန်အတွက်လုပ်ငန်းစီမံကိန်းများ ချမှတ်ခြင်း၊ လုပ်ငန်းလည်ပတ်ခြင်းနှင့် ထုတ်လုပ်ခြင်း အဆင့်ဆင့်တို့၏ စီမံကိန်းဆိုင်ရာ အချက်အလက်များ ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်း ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် စက်ကိရိယာများနှင့် ကုန်ထုတ်လုပ်မှု နည်းပညာများ အသုံးပြုဆောင်ရွက်ရန်။

(၂) စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်မည့် အစီအစဉ်များ ပါဝင်သည့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု အစီအစဉ်၊ စောင့်ကြည့်လေ့လာမည့် အစီအစဉ်၊ ပတ်ဝန်းကျင် ထိခိုက်မှုလျော့ပါးရေး ဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့် ရန်ပုံငွေစသည်တို့ပါဝင်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan - EMP)ရေးဆွဲတင်ပြရန်နှင့် ၎င်းအစီအစဉ်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(၃) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာကျင့်သုံး အကောင်

အထည်ဖော်ဆောင်ရွက်ရန်။ **ကုမ္ပဏီမှ သဘောထား မှတ်ချက်နှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိတင်ပြထားပါသည်။**

(နောက်ဆက်တွဲ - ခ)

(ဂ) **စက်မှုဝန်ကြီးဌာန**မှ CMPလုပ်ခနှုန်းထား လျော့နည်းနေသဖြင့် တိုးမြှင့် ပြင်ဆင်တင်ပြရန် လိုအပ်ပါကြောင်း၊ Sewing Thread သုံးစွဲမှုနှုန်း များနေသဖြင့် လျော့နည်း ပြင်ဆင်တင်ပြရန်နှင့် စက်အင်အားများနေသဖြင့် ဝန်ထမ်းအင်အား ထပ်မံဖြည့်တင်းရန် လိုအပ်ပါကြောင်းသဘောထား ပြန်ကြားထားပါသည်။ **ကုမ္ပဏီမှ ပြန်လည် ပြင်ဆင်ချက်များကို စက်မှုဝန်ကြီးဌာန မှစိစစ်လက်ခံပြီး ဖြစ်ပါသည်။** **(နောက်ဆက်တွဲ - ဂ)**

(ဃ) **CMP လုပ်ငန်းများ ကြီးကြပ်ရေး ကော်မတီ**မှ အဆိုပြုချက်ပါ ကုန်ကြမ်းလိုအပ်ချက်နှုန်းထား၊ တားမြစ်သတ်မှတ်စံနှုန်းထားများနှင့် ကိုက်ညီမှုရှိပါကြောင်း၊ အဆိုပြုချက်ပါ ပစ္စည်းအားလုံး ထုတ်လုပ်မည်ဆိုပါက စုစုပေါင်း ကုန်ကြမ်း 773760 yds ကုန်ကျမည်ဖြစ်သဖြင့် အဆိုပြုချက်တွင် ဖော်ပြထားမှုနှင့် ကိုက်ညီမှုရှိပါကြောင်း၊ အဆိုပြုချက်ပါ ထုတ်လုပ်မည့် ပစ္စည်းများမှာ Quality Control Workers နည်းနေပြီး Finishing & Cutting ဌာနများအတွက် လူခွဲဝေချထားပါက စက်အားလုံး လည်ပတ်နိုင်ခြင်း မရှိကြောင်းတွေ့ရှိရပါကြောင်း၊ လူဦးရေ ထပ်မံ ခန့်ထားရမည်ဖြစ်၍ ပြင်ဆင် တင်ပြသင့်ပြီး ထုတ်လုပ်နိုင်သည့်အတိုင်း ကုန်ကြမ်း တင်သွင်းသင့်ပါကြောင်း၊ အဆိုပြုလုပ်ငန်းအား ခွင့်ပြုပေးသင့်ကြောင်း သဘောထားမှတ်ချက် ပြန်ကြားထားပါသည်။ **ကုမ္ပဏီမှ ပြန်လည် ပြင်ဆင်ချက်များကို CMP လုပ်ငန်းများ ကြီးကြပ်ရေး ကော်မတီမှ စိစစ်လက်ခံပြီး ဖြစ်ပါသည်။** **(နောက်ဆက်တွဲ - ဃ)**

၉။ ကျပ်ငွေ အထောက်အထားအဖြစ် ဒေါ်နွယ်နွယ်ဌေးသည် Kanbawza Bank Limited (Thamine Branch) တွင် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၀ ရက်စွဲဖြင့် ကျပ်ငွေ ၂၀,၀၀၀,၀၀၀ ရှိကြောင်း၊ ဒေါ်အေးကြူကြူသည် Ayeyarwady Bank Limited (North Okkalapa Branch) တွင် ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်စွဲဖြင့် ကျပ်ငွေ ၄,၀၀၀,၀၀၀ ရှိကြောင်း တင်ပြထားပါသည်။

၁၀။ အဆိုပြုလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်ပြီး နိုင်ငံခြားမှ မည်သူမျှ ပိုင်ဆိုင်မှုမရှိကြောင်း၊ လုပ်ငန်းအသစ်ဖြစ်ကြောင်းနှင့် အသုံးပြုမည့် စက်ပစ္စည်းများသည်လည်း အသစ်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရမှ မြေယာနှင့်ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များ၊ ညွှန်ကြားချက်များနှင့်အညီလိုက်နာဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင် လေထု၊ ရေထုနှင့်မြေထုတို့ ညစ်ညမ်းမှုမဖြစ်ပွားစေရန်အတွက် လိုအပ်သော အစီအမံများ၊ မီးဘေး

ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ တစ်နှစ်လျှင် ဝင်ငွေ ကျပ် (၂၀) သိန်းအထက် ရရှိသော ဝန်ထမ်းများ၏ လစာမှ ဝင်ငွေခွန်ကို ကုမ္ပဏီမှ တာဝန်ယူ ဖြတ်တောက်၍ အခွန်ပေး ဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုထားပါသည်။

၁၁။ ဝန်ထမ်းသက်သာ ချောင်ချိရေးနှင့် လုပ်ငန်းခွင် သာယာရေးအတွက် ဝန်ထမ်းများအား လစာအပြင် ရက်မှန်ကြေး၊ ရက်ပိုကြေးပေးခြင်း၊ နှစ်သစ်ကူးကာလများတွင် ဝန်ထမ်းများအား ပျော်ပွဲ ရွှင်ပွဲများ ဆောင်ရွက်ပေးခြင်းနှင့် ဝန်ထမ်းများ၏ လုပ်ရည်ကိုင်ရည်အလိုက် ဆုကြေးများပေးခြင်း၊ ဝန်ထမ်းများအား နေထိုင်စရာနှင့် စားသောက်ရန်အတွက် အဆောင်နေထိုင်ခွင့်ပေးခြင်း၊ ဝန်ထမ်း ကြိုပို့ယာဉ်များစီစဉ်ပေးခြင်းများ၊ ပြင်ပဝန်ထမ်းများနှင့်ဧည့်သည်များအတွက် ဝန်ထမ်းသက်သာဆိုင် ဖွင့်လှစ်ရောင်းချပေးရန် စီစဉ်ထားပါကြောင်း၊ ဘာသာရေးအလိုက် အလှူအတန်းနှင့် ပျော်ပွဲ ရွှင်ပွဲများ စီစဉ်ပေးခြင်း၊ ပိတ်ရက်ရှည်ကာလများတွင် ခရီးသွားပို့ဆောင်ပေးခြင်း၊ ဝန်ထမ်းများ ကျန်းမာရေးအတွက် ဆေးခန်းဖွင့်လှစ်ပေးထားမည်ဖြစ်ပါကြောင်း၊ လူမှုဖူလုံရေး အသင်းသို့လည်း အသင်းဝင်ပေးခြင်းဖြင့် ဝန်ထမ်းအခွင့်အရေး အပြည့်အဝရရှိရေးကို စီစဉ်ဆောင်ရွက်ပေးမည်ဖြစ် ကြောင်း ကုမ္ပဏီမှ တင်ပြထားပါသည်။

၁၂။ လုပ်ငန်းဆောင်ရွက်ရာတွင် လျှပ်စစ်ဓါတ်အားကို မဟာဓါတ်အားလိုင်းမှ ရယူသုံးစွဲမည် ဖြစ်ပြီး မဟာဓါတ်အားလိုင်းမှ လျှပ်စစ်ဓါတ်အား မရရှိသည့်အချိန်တွင် ကိုယ်ပိုင်မီးစက်ဖြင့် လုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကုမ္ပဏီမှ တင်ပြထားပါသည်။

၁၃။ သိမ်းဝဂါးမန့်ကုမ္ပဏီလီမိတက်မှ မြန်မာနိုင်ငံတော်ရှိ လူ့အဖွဲ့အစည်းများ၏ လူမှုရေးလှုပ်ရှား ဆောင်ရွက်မှုလုပ်ငန်းဖြစ်သည့် စက်ရုံပတ်ဝန်းကျင်ရှိ စာသင်ကျောင်းများ၊ အထည်ချုပ်လုပ်ငန်းများ အတွက် ပညာဒါန အသက်မွေးဝမ်းကျောင်းပညာရပ်များ၊ စက်ရုံပတ်ဝန်းကျင်ရှိ လမ်းနှင့် တံတားတည် ဆောက်မှုလုပ်ငန်းများအတွက် လုပ်ငန်းမှ ရရှိသော နှစ်စဉ် အသားတင်အမြတ်ငွေ၏ ၂ % ကို Corporate Social Responsibility အဖြစ် အသုံးပြုမည်ဖြစ်ကြောင်း တင်ပြထားပါသည်။

၁၄။ အဆိုပြုချက် စိစစ်ရေး အဖွဲ့၏ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ကျင်းပသော (၄၈/၂၀၁၄) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

၁၅။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၁၁)၊ ပုဒ်မ ၂၀(က၊ ဂ၊ ဃ၊ စ၊ ဇ၊ ဈ၊ ည၊ ဋ) အရ အခွန်အကောက် ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့်များကို တင်ပြလျှောက်ထားလျှင် ခွင့်ပြုနိုင်မည်ဖြစ်ပါမည်။

ဆုံးဖြတ်ရန်အချက်

၁၆။ သိမ်းဝဂါးမန့် ကုမ္ပဏီလီမိတက်သည် မြေကွက်အမှတ် (၃)၊ မြေတိုင်းရပ်ကွက်အမှတ် ငါ၊ မြောက်ဥက္ကလာပစက်မှုဇုန်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာ ၀.၁၁၉

ဧက (၅,၂၀၀ စတုရန်းပေ)တွင် CMP စနစ်ဖြင့် Jacket, Shirt, Sportswear, Pants စသည့် အဝတ်အထည်မျိုးစုံချုပ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ(ကိုယ်စား)
(မြသူဇာ၊ တွဲဖက်အတွင်းရေးမှူး)

မိတ္တူ

ရုံးလက်ခံ/မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး

စာအမှတ်၊ ၂ / ၃ - ၆ (၅) / စီးပွား
ရက် စွဲ ၊၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ လ ၂၂ ရက်

M-5547
29/12

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်

အကြောင်းအရာ ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂. ၁၂. ၂၀၁၄ ရက်စွဲပါစာအမှတ်၊ ရက-၃/ မ-၁၁၁၈/ ၂၀၁၄ (၇၁၃-က)

၁။ Thein Wa Garment Company Limited သည် အမှတ်(၃)၊ ပဒုမ္မာလမ်း၊ မြောက်ဥက္ကလာပ စက်မှုဇုန်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာ ၅,၂၀၀ စတုရန်းပေတွင် CMP စနစ်ဖြင့် Jacket, Shirt, Sport, Pants နှင့် အဝတ်အထည်မျိုးစုံချုပ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းမေတ္တာရပ်ခံလာခြင်းနှင့်ပတ်သက်၍ ကွင်းဆင်းစိစစ်မှုအရ အောက်ပါအတိုင်း သဘောထားမှတ်ချက် တင်ပြအပ်ပါသည်-

(က) ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့်နေရာသည် နောင်ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်နိုင်ခြင်း မရှိပါ။

(ခ) အဆိုပြုလုပ်ငန်းလုပ်ကိုင်ပါက ပြည်တွင်းလုပ်သားအင်အား(၄၀၀)ဦး အလုပ်အကိုင်ရရှိမည် ဖြစ်သောကြောင့် မြို့နယ်ဒေသ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အတွက် အထောက်အကူ ဖြစ်စေပါသည်။

(ဂ) အဆိုပြုလုပ်ငန်းလုပ်ကိုင်ရာတွင် အမှတ်(၃)၊ ပဒုမ္မာလမ်း၊ မြောက်ဥက္ကလာပ စက်မှုဇုန်၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေဧရိယာ ၅,၂၀၀ စတုရန်းပေရှိ မြေနှင့်အဆောက်အဦကို တစ်လလျှင် ငွေကျပ်(၁၅)သိန်းနှုန်းဖြင့် (၁၀)နှစ်ငှားရမ်းလုပ်ကိုင်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်းရှိပါသည်။

(ဃ) လုပ်ငန်းဆောင်ရွက်နိုင်သည့် မြေနေရာဖြစ်ပြီး အဆိုပြုလုပ်ငန်းလုပ်ကိုင်ရာတွင် သဘာဝ ပတ်ဝန်းကျင်အား ထိခိုက်မှုမရှိစေရန် စီမံဆောင်ရွက်မည်ဟု တင်ပြထားပါသည်။

D/2014/Cabinet/48,(7)

၂။ အထက်ဖော်ပြပါ အချက်များကြောင့် (၁၈. ၁၂. ၂၀၁၄) ရက်နေ့တွင် ကျင်းပပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄၈/၂၀၁၄)၊ ဆုံးဖြတ်ချက်အပိုဒ် (၃၉)အရ Thein Wa Garment Company Limited ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်ဆောင်ရွက်မှုအား ခွင့်ပြုသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါသည်။

(မြင့်ဆွေ)
ဝန်ကြီးချုပ်

မိတ္တူကို

ရန်ကုန်တိုင်းဒေသကြီးသစ်တောနှင့်စွမ်းအင်ဝန်ကြီး
ရန်ကုန်အရှေ့ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြောက်ဥက္ကလာပမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
Thein Wa Garment Company Limited
လက်ခံစာတွဲ
မျှောစာတွဲ

D/2014/Cabinet/48, (8)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး

NPT-3836
16.12.14

စာအမှတ် ၂/၂၂၀(ခ)(၆)/(၉၂၈၄ /၂၀၁၄)

ရက်စွဲ ၂၀၁၄ခုနှစ်၊ဒီဇင်ဘာလ ၁၅ ရက်

သို့

M5468
17/12

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ Thein Wa Garment Company Limited မှ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့် ပြုပါရန် ကိစ္စနှင့်ပတ်သက်၍ သဘောထားမှတ်ချက် ပြန်ကြားခြင်း

ရည်ညွှန်းချက်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂-၁၂-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ရက-၃/မ-၁၁၁၈/၂၀၁၄(၇၁၃-ခ)

၁။ အထက်အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ Thein Wa Garment Company Limited သည် အမှတ်(၃)၊ ပဒုမ္မာလမ်း၊ မြောက်ဥက္ကလာပစက်မှုဇုန်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာ (၅.၂၀၀စတုရန်းပေ) တွင် CMP စနစ်ဖြင့် Jacket, Shirt, Sport, Pants နှင့် အဝတ်အထည်မျိုးစုံ ချုပ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် ကိစ္စနှင့်ပတ်သက်၍ စိစစ်ပြီး ဌာနဆိုင်ရာ သဘောထား မှတ်ချက်ပြန်ကြားအပ်ပါသည်။

၂။ ပူးတွဲပေးပို့လာသည့် အဆိုပြုလွှာတွင် ရင်းနှီးမြှုပ်နှံမှု ကာလမှာ (၁၀)နှစ်ဖြစ်ပြီး တည်ဆောက်ရေးကာလမှာ (၁)နှစ်ဖြစ်ပါကြောင်း၊ စက်ရုံဝန်ထမ်းများအတွက် သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ထားရှိမည့် အစီအစဉ်များ ၊ မီးဘေးကာကွယ်ရေး အစီအစဉ်များ နှင့် လူမှုရေးဆိုင်ရာ တာဝန်ခံမှု (Corporate Social Responsibility- CSR) အတွက် ကုမ္ပဏီ၏အသားတင်အမြတ် ငွေထဲမှ(၂%)အား ထည့်ဝင်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိစေရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက ချမှတ်ထားသော စည်းကမ်းများကို လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖော်ပြထားသည်ကို စိစစ်တွေ့ရှိရပါသည်။

၃။ အထည်ချုပ်လုပ်ငန်းတွင် အသုံးပြုမည့် Fabric၊ ပလတ်စတစ်အိတ်စသည့် ကုန်ကြမ်း ပိတ်စ / ပစ္စည်းများသည် ဆွေးမြေ့ပျက်စီးရန် အချိန်ကြာမြင့်သဖြင့် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်နိုင်ခြင်း ၊ လုပ်ငန်းစဉ်အဆင့်တိုင်းတွင် ထွက်ရှိလာမည့် ပိတ်ဖြတ်စများ၊ အမှုန်အမွှားများကြောင့် ပတ်ဝန်းကျင်လေထု နှင့် မြေထုညစ်ညမ်းမှုများဖြစ်ပေါ်နိုင်ခြင်း ၊ ပိတ်စဖြတ်ခြင်း၊ ပုံစံညှပ်ခြင်း၊ အထည်ချုပ်လုပ်ခြင်း လုပ်ငန်းအဆင့်ဆင့်တွင် စက်များအသုံးပြု၍ ဆောင်ရွက်မည်ဖြစ်သဖြင့် အသံ ဆူညံခြင်းစသော ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုပြဿနာများ ဖြစ်ပေါ်စေနိုင်ပါသည်။

၄။ သို့ဖြစ်ပါ၍ Thein Wa Garment Company Limited မှ အထည်မျိုးစုံ ချုပ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက် ခွင့်ပြုပါရန် အဆိုပြု တင်ပြလာခြင်း နှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း သဘောထားမှတ်ချက်ကို ပြန်ကြားအပ်ပါသည်-

(က) ကုန်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေး နှင့် ကျန်းမာရေး ထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းစီမံကိန်းများချမှတ်ခြင်း ၊ လုပ်ငန်းလည်ပတ်ခြင်း နှင့် ထုတ်လုပ်ခြင်း အဆင့်ဆင့်တို့၏ စီမံကိန်းဆိုင်ရာ အချက်အလက်များ ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်း ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် စက်ကိရိယာ များနှင့် ကုန်ထုတ်လုပ်မှု နည်းပညာများ အသုံးပြုဆောင်ရွက်ရန်၊

(ခ) စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်မည့် အစီအစဉ်များပါဝင်သည့် စွန့်ပစ် ပစ္စည်း စီမံခန့်ခွဲမှု အစီအစဉ် ၊ စောင့်ကြည့်လေ့လာမည့် အစီအစဉ် ၊ ပတ်ဝန်းကျင် ထိခိုက်မှု လျော့ပါးရေး ဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေ စသည်တို့ပါဝင်သည့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP) ရေးဆွဲတင်ပြရန် နှင့် ၎င်းအစီအစဉ်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ဂ) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ၊ နည်းဥပဒေ ၊ လုပ်ထုံး လုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက် ရန်၊

(ဃ) သက်ဆိုင်ရာတိုင်းဒေသကြီး /ပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသခံပြည်သူများ၏ ဆန္ဒနှင့် သဘောထားများရယူဆောင်ရွက်ရန်။

(signature) ၃၊/၂

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(မျိုးညွန့် ၊ ရုံး အ ဖွဲ့ မှူး)

မိတ္တူ -ညွှန်ကြားရေးမှူးချုပ် ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
-ညွှန်ကြားရေးမှူးချုပ် ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
-ညွှန်ကြားရေးမှူးချုပ် ၊ သစ်တောဦးစီးဌာန

M-5479
18/12

NPT-3860
17.12.14

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန

စာအမှတ်၊၂၁-စမ (၂)၂၀၁၄-၂၀၁၅(၄၁၆၈)
ရက် စွဲ၊ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂.၁၂.၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ရက-၃/ မ-၁၁၁၈/ ၂၀၁၄ (၇၁၃-ဂ)

၁။ Thein Wa Garment Co.,Ltd. သည် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာမြို့နယ်၊ မြောက်ဥက္ကလာပစက်မှုဇုန်၊ ပဒုမ္မာလမ်း၊ အမှတ်(၃)တွင် CMP စနစ်ဖြင့် Jacket, Shirt, Sport, Pants နှင့် အဝတ်အထည်မျိုးစုံ ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ အဆိုပါကုမ္ပဏီမှ ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်-

(က) နိုင်ငံသားရင်းနှီးမြှုပ်နှံပြီး CMP စနစ်ဖြင့် Jacket, Shirt, Sport, Pants နှင့် အဝတ်အထည်မျိုးစုံ ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

(ခ) လျှပ်စစ်သွယ်တန်းအသုံးပြုမှုနှင့် ဘွိုင်လာအသုံးပြုမှုများကို လျှပ်စစ်ဥပဒေ၊ ဘွိုင်လာဥပဒေတို့နှင့်အညီ အသုံးမပြုမီ စစ်ဆေးဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဂ) ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပေါ်စေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ စိစစ်ချက်ဖြင့် စနစ်တကျ ဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဃ) ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနှင့်အညီ စက်မှုမှတ်ပုံတင် လျှောက်ထားဆောင်ရွက်ရန် လိုအပ်ပါသည်။

(င) CMP လုပ်ခနှုန်းထားတင်ပြထားမှုမှာ Jacket, Sport, Pants တို့အတွက် လျော့နည်းနေသဖြင့် တိုးမြှင့်ပြင်ဆင်တင်ပြရန် လိုအပ်ပါသည်။

(စ) ကုန်ကြမ်းသုံးစွဲမှုနှုန်းတင်ပြချက်တွင် Jacket အတွက် Interlining သုံးစွဲမှုနှုန်းများနေသဖြင့် လျှော့နည်းတင်ပြရန်၊ Shirt အတွက် Sewing Thread သုံးစွဲမှုနှုန်းများနေသဖြင့် လျှော့နည်းပြင်ဆင်တင်ပြရန်နှင့် Thread သုံးစွဲမှုနှုန်းအား M(သို့)Yd ဖြင့် ပြင်ဆင်တင်ပြရန် လိုအပ်ပါသည်။

(ဆ) နှစ်အလိုက် ကုန်ကြမ်းနှင့်ပူးတွဲသုံးပစ္စည်း လိုအပ်ချက်အား နှစ်အလိုက် ကုန်ထုတ်လုပ်မှုနှင့် ကုန်ကြမ်းသုံးစွဲမှုနှုန်းအပေါ်မူတည်၍ ပြင်ဆင်တင်ပြရန်လိုအပ်ပါသည်။

(ဇ) ကုန်ထုတ်လုပ်မှုတင်ပြချက်နှင့် လူအင်အား ဆီလျော်မှုရှိသော်လည်း စက်အင်အားများနေသဖြင့် စက်အင်အားပြည့် ထုတ်လုပ်မည်ဆိုပါကနှစ်အလိုက် ကုန်ထုတ်လုပ်မှုတိုးမြှင့်၍ ဝန်ထမ်းအင်အား ထပ်မံဖြည့်တင်းရန် လိုအပ်ပါသည်။

၃။ သို့ပါ၍ Thein Wa Garment Co.,Ltd. မှ CMP စနစ်ဖြင့် Jacket, Shirt, Sport, Pants နှင့် အဝတ်အထည်မျိုးစုံ ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် အထက်ပါ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပြီး နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနှင့်တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်ပါက ဤဝန်ကြီးဌာနအနေဖြင့် ကန့်ကွက်ရန်မရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

၁၆.၁၂.၁၄

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(လှမိုး၊ ရုံးအဖွဲ့မှူး)

မိတ္တူကို

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

အထည်အလိပ်လုပ်ငန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီ

စာအမှတ်၊ ၃၄-အလ/ခွဲ(၂)၂၀၁၄(၁၂၃၇၁)
ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်

M-5477
18/12

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

MOT-3894
17.12.14

အကြောင်းအရာ။ **Thein Wa Garment Company Limited မှ CMP စနစ်ဖြင့် Jacket, Shirt, Sport, Pant နှင့် အဝတ်အထည်မျိုးစုံချုပ်လုပ်သည့် လုပ်ငန်း သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂-၁၂-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ရက- ၃/မ - ၁၁၁၈/၂၀၁၄(၇၁၃-ဃ)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြောက်ဥက္ကလာပစက်မှုဇုန် ၊ ပဒုမ္မာလမ်း၊ အမှတ်(၃)၌ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ Thein Wa Garment Company Limited တည်ထောင်ပြီး CMP စနစ်ဖြင့် အထည်ချုပ်လုပ်သည့် လုပ်ငန်း ဆောင်ရွက်ရန် တင်ပြမှုအပေါ် CMPလုပ်ငန်းများမြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင်၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်းနှင့် အထည်ချုပ်စက်ရုံ အမှတ် (၁၇) စက်ရုံမှူး ဒေါ်လှသီတာတို့သည် ၉-၁၂-၂၀၁၄ ရက်နေ့တွင် တာဝန်ရှိသူများကို မေးမြန်းခဲ့ပါသည်။

၂။ Thein Wa Garment Company Limited ၏ အဆိုပြုချက်အပေါ် အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်-

(က) **CMP ကုန်ကြမ်း လိုအပ်ချက်နှင့်ကုန်ချောထုတ်လုပ်မှု အချိုးအစား ညီညွတ်မှု ရှိ/မရှိ**

ချုပ်ထည်	**တစ်ထည်လိုအပ်ချက် နှုန်းထား**	**ကိုက်ညီမှုရှိ/မရှိ**
1.Jacket	2.1 yds/pc	ကိုက်ညီမှုရှိပါသည်။
2. Shirt	1.6 yds/pc	။
3. Sport	2.0 yds/pc	။
4. Pant	1.4 yds/pc	။

အဆိုပြုချက်ပါ ကုန်ကြမ်းလိုအပ်ချက်မှာ တစ်ထည် လိုအပ်ချက် နှုန်းထား၊ တားမြစ်သတ်မှတ်စံနှုန်းထားများနှင့် ကိုက်ညီမှုရှိကြောင်း တွေ့ရှိရပါသည်။

ချုပ်ထည်	**အဆိုပြု ထုတ်လုပ်မှု အရေအတွက်**	**တစ်ထည်လိုအပ် ချက်နှုန်းထား**	**လိုအပ်မည့် ကုန်ကြမ်းအရေအတွက်**
1.Jacket	62400 pcs	2.1 yds/pc	131040 yds
2. Shirt	124800 pcs	1.6 yds/pc	199680 yds

3. Sport	156000 pcs	2.0 yds/pc	312000 yds
4. Pant	93600 pcs	1.4 yds/pc	131040 yds

အဆိုပြုချက်ပါ ပစ္စည်းအားလုံး ထုတ်လုပ်မည်ဆိုပါက စုစုပေါင်းကုန်ကြမ်း 773760 yds ကုန်ကျ မည်ဖြစ်သဖြင့် အဆိုပြုချက်တွင် ဖော်ပြထား မှုနှင့် ကိုက်ညီမှု ရှိပါသည်။

(ခ) **CMPလက်ခနှုန်းထားများ တင်ပြမှုဆီလျော်မှုရှိ/မရှိ။** အဆိုပြုချက်ပါ CMP လက်ခ နှုန်းထားများသည် လက်ရှိ လက်ခနှုန်းထားများနှင့် နှိုင်းယှဉ်ရာတွင် ပိုမိုရရှိကြောင်း တွေ့ရှိရပါသည်-

ချုပ်ထည်	**အဆိုပြုချက်ပါ CMPလက်ခနှုန်းထား**	**အထည်ချုပ်အသင်း၏ လက်ရှိCMPလက်ခနှုန်းထား**
1.Jacket	30 US$/Dz	20-24 US$/Dz
2. Shirt	24 US$/Dz	12-16 US$/Dz
3. Sport	18 US$/Dz	12-16 US$/Dz
4. Pant	18 US$/Dz	8-10 US$/Dz

(ဂ) **နှစ်စဉ်ထုတ်လုပ်မှု ၊ စက်အင်အား ၊ လူအင်အားအချိုးအစား ညီမျှမှု ရှိ/မရှိ**

အဆိုပြုချက်ပါ ထုတ်လုပ်မည့် ပစ္စည်းများမှာ Jacket ၊ Shirt ၊ Sport နှင့် Pant တို့ဖြစ်ပြီး Single Needle Machines ၅၀၀ လုံး၊ Over/Inter Lock Machines ၃၀ လုံး၊ Two Needle Machines ၂၀ လုံးဖော်ပြထားပြီး Operators ၃၀၀ဦး ၊ Helpers ၅၀ ဦး၊ Quality Control Workers ၅ ဦးဖြင့် ချုပ်လုပ်မည် ဆိုပါက Quality Control Workers နည်းနေပြီး Finishing & Cutting ဌာနများအတွက် လူခွဲဝေချထားပါက စက်အားလုံး လည်ပတ်နိုင်ခြင်း မရှိကြောင်း တွေ့ရှိရပါသည်။ Cutting ပိုင်းဆိုင်ရာ Hand Knife နှင့် Band Knife များလိုအပ်ပါသည်။ လူဦးရေ အခြေခံတွက်ချက်မည် ဆိုပါက -

ချုပ်ထည်	**ကုန်ထုတ် စက်**	**တစ်ရက် ထုတ်လုပ်နိုင်မှု**	**တစ်နှစ်ထုတ်လုပ်မှု (၃၁၀) ရက်**
1.Jacket	စက်(၁)လိုင်း	360 pcs/10 hour	111600 pcs
2. Shirt	စက်(၁)လိုင်း	480 pcs/10 hour	148800 pcs
3. Sport	စက်(၁)လိုင်း	504 pcs/10 hour	156240 pcs
4. Pant	စက်(၁)လိုင်း	300 pcs/10 hour	93000 pcs

အဆိုပြုချက်ပါ အရေအတွက်အတိုင်း လူနှင့် စက်အချိုးအစား မညီမျှသော်လည်း အဆိုပြုချက်ပါ ပမာဏ အတိုင်း ထုတ်လုပ်နိုင်သည်ကို တွေ့ရှိရပြီး အဆိုပြုနောက်နှစ်များတွင် လူဦးရေ ထပ်မံခန့်ထားခြင်း မပြုဘဲ Production တိုးမြှင့် ထုတ်လုပ်သဖြင့် လူထပ်မံခန့်ထား ရမည်ဖြစ်၍ ပြင်ဆင်တင်ပြသင့်ပြီး ထုတ်လုပ်နိုင်သည့် အတိုင်း ကုန်ကြမ်း တင်သွင်းသင့်ပါသည် -

ချုပ်ထည်	အဆိုပြု ထုတ်လုပ်မှု အရေအတွက်	တစ်နှစ်ထုတ်လုပ်နိုင်မှု ပမာဏ(ထည်)
1.Jacket	62400 pcs	111600-112000
2. Shirt	124800 pcs	148800-149000
3. Sport	156000 pcs	156240-156500
4. Pant	93600 pcs	93000-93500

၃။ သို့ဖြစ်၍ Thein Wa Garment Company Limited အား ပြင်ဆင်တင်ပြသင့်သည် များကို ပြင်ဆင်တင်ပြစေပြီးမှသာ ခွင့်ပြုသင့်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက် ရရှိပါက အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေပြီး ဆင်းရဲနွမ်းပါးမှုလျော့ချရေးကို အထောက်အကူပြုနိုင်မည်ဖြစ်၍ CMP စနစ်ဖြင့် Jacket, Shirt, Sport, Pant နှင့် အဝတ်အထည်မျိုးစုံချုပ်လုပ်သည့် လုပ်ငန်း လုပ်ကိုင်ခွင့်ကို အားပေးဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)
(ထင်အောင်၊ အတွင်းရေးမှူး)
(ဒုတိယဝန်ကြီး၊အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန)

မိတ္တူကို

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
(CMP လုပ်ငန်းများ စစ်ဆေးရေးဆပ်ကော်မတီ)
အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန
(CMP လုပ်ငန်းများ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့)
Thein Wa Garment Company Limited
ရုံးလက်ခံ
မျှောစာတွဲ

Original

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း

ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသော

" သိမ်းဂင်္ဂါးမန့်ကုမ္ပဏီလီမိတက် "

၏

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

သို့

CMP စနစ်ဖြင့် Jacket, Shirt, Sport, Pants
စသည့်အဂတ်အထည်မျိုးစုံချုပ်လုပ်ခြင်းလုပ်ငန်း
ဆောင်ရွက်ခွင့်အဆိုပြုလွှာ

⌖ ⌖ ⌖ ⌖ ⌖ ⌖ ⌖ ⌖

၂၀၁၄ခုနှစ်၊ လ၊ ( )ရက်

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

နေပြည်တော်။

ရက်စွဲ။ ။ ၂၄၊ နိုဝင်ဘာလ၊ ၂၀၁၄

အကြောင်းအရာ။ ။ **CMP စနစ်ဖြင့် Jacket, Shirt, Sport နှင့် Pants စသည့်အဝတ်အထည်မျိုးစုံ ချုပ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုရန်တင်ပြခြင်း။**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော ကျွန်တော်တို့၏ "**သိမ်းဂါးမန်ကုမ္ပဏီလီမိတက်**"သည် ရန်ကုန်တိုင်းဒေသကြီး၊မြောက်ဥက္ကလာပမြို့နယ်၊ မြောက်ဥက္ကလာပ စက်မှုဇုန်၊ ပဒုမ္မာလမ်း၊ မြေကွက်အမှတ်(၃)၊ မြေ(၄၀' x ၁၃၀')ရှိ မြေနှင့်(၃)ထပ် အဆောက်အဦးတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်၍အထည်ချုပ်စက်ရုံတည်ထောင်ပြီး CMP စနစ်ဖြင့် Jacket, Shirt, Sport နှင့် Pants စသည့် အဝတ်အထည်မျိုးစုံချုပ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်တော်များ၏ CMP စနစ်ဖြင့်အထည်ချုပ်စက်ရုံ တည်ထောင်လုပ်ကိုင်ခြင်းအား မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုမိန့်ထုတ်ပေးပါရန်အတွက် အဆိုပြုလွှာကိုပေးပို့အပ်ပါသည်။

လေးစားစွာဖြင့်

ဦးဂင်းဟို (ခ) ဦးဂင်းအောင်

မန်နေဂျင်းဒါရိုက်တာ

သိမ်းဂါးမန်ကုမ္ပဏီလီမိတက်

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

နေပြည်တော်။

ရက်စွဲ။ ။ ၂၄၊ နိုဝင်ဘာလ၊ ၂၀၁၄

အကြောင်းအရာ။ ။ **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၂၀ အရ အခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ လျှောက်ထားခြင်း။**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော ကျွန်တော်တို့၏ "**သိမ်းဂေကုမ္ပဏီလီမိတက်**" သည် ရန်ကုန်တိုင်းဒေသကြီး၊မြောက်ဥက္ကလာပမြို့နယ်၊ မြောက်ဥက္ကလာပစက်မှုဇုန်၊ ပဒ္မာလမ်း၊ မြေကွက်အမှတ်(၃)၊ မြေ(၄၀' x ၁၃၀')ရှိ မြေနှင့်(၃)ထပ်အဆောက်အဦးတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်၍အထည်ချုပ်စက်ရုံတည်ထောင်ပြီး CMP စနစ်ဖြင့် Jacket, Shirt, Sport နှင့် Pants စသည့် အဂတ်အထည်မျိုးစုံချုပ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော ကျွန်တော်တို့၏ "**သိမ်းဂေါ်မန့်ကုမ္ပဏီလီမိတက်**" သည်ရင်းနှီးမြှုပ်နှံမှုအဖြစ် ကျပ် (၂၈၇.၈၄)သန်းကို ရင်းနှီးမြှုပ်နှံမည်ဖြစ် ပါသည်။ ၄င်းတွင်ငွေသားကျပ် ၅၀.၀၀သန်း၊ စက်ပစ္စည်းများအတွက် USD၂၁၅.၈၄(မြန်မာကျပ် ၂၁၅.၈၄သန်း) နှင့် ရုံးသုံးပစ္စည်း ကျပ် ၂၂သန်းကို ထည့်ဝင်မည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းမှ နိုင်ငံတကာအဆင့်မှီ အဂတ်အထည်များထုတ်လုပ်မည်ဖြစ်ပြီး ပြည်ပသို့ CMP စနစ်အရ ၁၀၀ရာခိုင်နှုန်း တင်ပို့မည်ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းတည်ထောင်ခြင်းဖြင့် မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင်သစ်များ ပေါ်ပေါက်လာမည်ဖြစ်ပြီး နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနိုင်မည် ဖြစ်သည်။ ထို့အပြင် အခွန်အကောက်များ တိုးတက်ရရှိစေခြင်းနှင့် ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေခြင်းကိုပါ တစ်ခန်းတစ်ကဏ္ဍ ပါဝင်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာများ ရရှိစေရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင်သစ်များ ပေါ်ပေါက်လာစေရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်းကောင်း၊ ကျွန်တော်များ၏ လျှောက်ထားခြင်းကို လက်ခံစဉ်းစားပေးရန်နှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၂၀အရ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့် တို့ကိုလည်း ခံစားခွင့်ပြုပါရန် လျှောက်ထားအပ်ပါသည်။

နိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၂၇အရ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့် တို့ကိုလည်း ခံစားခွင့်ပြုပါရန် လျှောက်ထားအပ်ပါသည်။

ဤလျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ စာရွက်စာတန်းများကို ပူးတွဲတင်ပြအပ်ပါသည်။

(က) ကမကထပြုသူ၏ လုပ်ငန်းဆောင်ရွက်ရန်အဆိုပြုချက်

(ခ) ဘဏ္ဍာရေးအချက်အလက်များနှင့် ပတ်သတ်၍ တွက်ချက်မှုဇယားများ

(ဂ) လုပ်ငန်းပိုင်းနှင့် ငွေရေးကြေးရေး အထောက်အထားများ

(ဃ) မြေငှားစာချုပ် (မူကြမ်း)

(င) ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းနှင့် ကုမ္ပဏီမှတ်ပုံတင်ထားပြီးဖြစ်ကြောင်း အထောက်အထားများ

လေးစားစွာဖြင့်

ဦးဂင်းဟို (ခ) ဦးဂင်းအောင်

မန်နေဂျင်းဒါရိုက်တာ

သိမ်းဂါးမန်ကုမ္ပဏီလီမိတက်

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

နေပြည်တော်။

ရက်စွဲ။ ။ ၂၄၊ နိုဝင်ဘာလ၊ ၂၀၁၄

အကြောင်းအရာ။ ။ CMP စနစ်ဖြင့် Jacket, Shirt, Sport နှင့် Pants စသည့်အဝတ်အထည်မျိုးစုံ ချုပ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ခံကတိပြုချက်တင်ပြခြင်း။

အထက်အကြောင်းအရာပါ ကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ အဆိုပါလုပ်ငန်း တည်ထောင်ဆောင်ရွက်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ခွင့်ပြုမိန့် ထုတ်ပေးပါရန် အဆိုပြုတင်ပြ လျှောက်ထားခြင်းဖြစ်ပါသည်။ ထိုသို့လျှောက်ထားရာတွင် အောက်ပါအတိုင်း ဝန်ခံကတိပြု ပါသည်။

(၁) ဤလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်သောလုပ်ငန်းဖြစ်ပြီး နိုင်ငံခြားသား မည်သူတစ်ဦး တယောက်မျှပါဝင်ပိုင်ဆိုင်ခြင်း လုံးဝမရှိကြောင်း ဝန်ခံကတိပြုပါသည်။

(၂) နိုင်ငံတော်အစိုးရမှ မြေယာနှင့် ပတ်သတ်၍ သတ်မှတ်ပြဌာန်းထားသည့် စည်းကမ်းချက်များကို ညွှန်ကြား ချက်များနှင့်အညီ လိုက်နာဆောင်ရွက်မည် ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

(၃) CMP စနစ်ဖြင့်ရရှိသော နိုင်ငံခြားငွေကို သတ်မှတ်ထားသည့် ဘဏ်တို့တွင် စာရင်းဖွင့်လှစ်အပ်နှံ၍ လုပ်ငန်းဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

(၄) ဤအဆိုပြုချက် လုပ်ငန်းများဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် လေထု၊ မြေထု၊ ရေထုတို့ ညစ်ညမ်းမှု မဖြစ်ပွားစေရန်အတွက် လိုအပ်သောအစီအမံများ၊ မီးဘေးကြိုတင်ကာကွယ်မှုများကိုနိုင်ငံတော်မှ သတ်မှတ် ထားသည့် လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်မည် ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

(၅) အလုပ်သမား တဦးချင်း၏ လုပ်ခလစာကို နောက်ဆက်တွဲဇယားဖြင့် ဖော်ပြထားပြီး၊ ၄င်းလစာနှုန်း များ သည် အမှန်တကယ်ရရှိသည့် လုပ်ခများဖြစ်ပြီး အဆိုပါလစာငွေသည် ကာလဒေသပေါက်ဈေးနှင့် ကိုက်ညီမှုရှိ ကြောင်းတင်ပြအပ်ပါသည်။

(၆) အဆိုပြုလုပ်ငန်းသည် လုပ်ငန်းအသစ်ဖြစ်ကြောင်းနှင့် အသုံးပြုသော စက်ပစ္စည်းများသည်လည်း အသစ်ဖြစ်ကြောင်း ဂန်ခံကတိပြုပါသည်။

(၇) ကုန်ချောပစ္စည်းများကို CMPစာချုပ် သဘောတူညီချက်အရ ပစ္စည်းမှာယူသူ၏ ညွှန်ကြားချက်အတိုင်း တင်ပို့သွားမည် ဖြစ်ပြီး ကုန်ကြမ်းနှင့် ကုန်ချောများကို ကုန်းလမ်း၊ရေလမ်းနှင့် လေလမ်းတို့မှတဆင့် တင်သွင်းခြင်းနှင့် တင်ပို့ခြင်းကို ဆောင်ရွက်မည်ဖြစ်ပါသည်။

(၈) လျှပ်စစ်ဓါတ်အား မရသည့်အချိန်တွင် စက်ရုံ၏မီးစက်ဖြင့် လုပ်ငန်းဆောင်ရွက်မည် ဖြစ်ပါသည်။

လေးစားစွာဖြင့်

ဦးဂင်းဟို (ခ) ဦးဂင်းအောင်

မန်နေဂျင်းဒါရိုက်တာ

သိမ်းဂေါ်းမန့်ကုမ္ပဏီလီမိတက်

အလုပ်သမားများ၏ ဂင်ငွေခွန်ပေးဆောင်ရေးနှင့် ပတ်သက်၍ ဂန်ခံကတိပြုချက်

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော ကျွန်တော်တို့၏ "**သိမ်းဂါးမန့်ကုမ္ပဏီလီမိတက်**" သည် ရန်ကုန်တိုင်းဒေသကြီး၊မြောက်ဥက္ကလာပမြို့နယ်၊ မြောက်ဥက္ကလာပ စက်မှုဇုန်၊ ပဒုမ္မာလမ်း၊ မြေကွက်အမှတ်(၃)၊ မြေ(၄၀' x ၁၃၀')ရှိ မြေနှင့်(၃)ထပ် အဆောက်အဦးတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်၍အထည်ချုပ်စက်ရုံတည်ထောင်ပြီး CMP စနစ်ဖြင့် Jacket, Shirt, Sport နှင့် Pants စသည့် အဂတ်အထည်မျိုးစုံချုပ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ပါသည်။

ကုမ္ပဏီ၏ တစ်နှစ်လစာကျပ် (၁,၄၄၀,၀၀၀) ရရှိသော ဂန်ထမ်းများ၏ ဂင်ငွေခွန်ပေးဆောင်ခြင်းနှင့် ပတ်သက်၍ ကုမ္ပဏီကတာဂန်ယူပါကြောင်း ဂန်ခံကတိပြု တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

ဦးဂင်းဟို (ခ) ဦးဂင်းအောင်

မန်နေဂျင်းဒါရိုက်တာ

သိမ်းဂါးမန့်ကုမ္ပဏီလီမိတက်

မြန်မာနိုင်ငံသားများသာ ပိုင်ဆိုင်ကြောင်းဝန်ခံကတိပြုချက်

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော ကျွန်တော်တို့၏ **"သိမ်းဂါးမန့်ကုမ္ပဏီလီမိတက်"** သည် ရန်ကုန်တိုင်းဒေသကြီး၊မြောက်ဥက္ကလာပမြို့နယ်၊ မြောက်ဥက္ကလာပ စက်မှုဇုန်၊ ပဒုမ္မာလမ်း၊ မြေကွက်အမှတ်(၃)၊ မြေ(၄၀′ x ၁၃၀′)ရှိ မြေနှင့်(၃)ထပ် အဆောက်အဦးတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်၍အထည်ချုပ်စက်ရုံတည်ထောင်ပြီး CMP စနစ်ဖြင့် Jacket, Shirt, Sport နှင့် Pants စသည့် အဝတ်အထည်မျိုးစုံချုပ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ပါသည်။

ဤလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်သောလုပ်ငန်းဖြစ်ပြီး နိုင်ငံခြားသား မည်သူတစ် ဦးတစ်ယောက်မှ ပါဝင်ပိုင်ဆိုင်ခြင်း လုံးဝမရှိကြောင်း ဝန်ခံကတိပြုပါသည်။

လေးစားစွာဖြင့်

ဦးဝင်းဟို (ခ) ဦးဝင်းအောင်

မန်နေဂျင်းဒါရိုက်တာ

သိမ်းဂါးမန့်ကုမ္ပဏီလီမိတက်

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ
ရင်းနှီးမြှုပ်နှံလိုသူ၏အဆိုပြုချက်
(ဥပဒေပုဒ်မ ၂၃ပုဒ်မခွဲ (ဂ) နှင့်ပုဒ်မ ၈)

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

စာအမှတ်၊

ရက်စွဲ၊ ၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ၊ (၂၄)ရက်

ကျွန်တော်/ ကျွန်မသည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ပြည်ထောင်စု မြန်မာနိုင်ငံတော် အတွင်း ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုပါသဖြင့် ခွင့်ပြုမိန့်ထုတ်ပေးပါရန် အောက်ပါအချက်များကိုဖော်ပြ၍ လျှောက်ထားအပ်ပါသည်။

၁။ ရင်းနှီးမြှုပ်နှံလိုသူ၏-

(က) အမည်	ဦးဂင်းဟို (ခ) ဦးဂင်းအောင်
(ခ) အဖအမည်	ဦးမြအောင်
(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ်	၁၂/ လမန(နိုင်) ၁၁၂၈၁၂
(ဃ) နေရပ်လိပ်စာ	အမှတ်(၃/၃၀၂၊ လှိုင်သီရိအိမ်ယာ)၊ အင်းစိန်လမ်း၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။
(င) လူမျိုး၊ဘာသာ	ဗမာ/ ဗုဒ္ဓ
(စ) အဖွဲ့အစည်းအမည်	သိမ်းဂေါ်းမန့်ကုမ္ပဏီလီမိတက်
(ဆ) လုပ်ငန်းအမျိုးအစား	CMP စနစ်ဖြင့် Jacket, Shirt, Sport နှင့် Pants စသည့် အဝတ်အထည်မျိုးစုံချုပ်လုပ်ခြင်းလုပ်ငန်း
(ဇ) အဖွဲ့အစည်းတည်ရှိရာအရပ်	အမှတ်(၃)၊ ပဒုမ္မာလမ်း၊ မြောက်ဥက္ကလာပစက်မှုဇုန်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။

၃။ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုသည့်လုပ်ငန်းအမျိုးအစား-

(က) ကုန်ထုတ်လုပ်မှုလုပ်ငန်း — CMP စနစ်ဖြင့် Jacket, Shirt, Sport နှင့် Pants စသည့် အဝတ်အထည်မျိုးစုံချုပ်လုပ်ခြင်းလုပ်ငန်း

(ခ) ဝန်ဆောင်မှုလုပ်ငန်း

(ကုန်ပစ္စည်းအမည် သို့မဟုတ် ဝန်ဆောင်မှုအမျိုးအစားကိုဖော်ပြရန်)

၄။ လုပ်ကိုင်မည့်စီးပွားရေးပုံစံ-

(က) နိုင်ငံသားနှင့် နိုင်ငံသားတို့က အစုစပ်လုပ်ကိုင်ဆောင်ရွက်ခြင်း

....

(ခ) အဖွဲ့အစည်းနှင့် နိုင်ငံသားတို့က အစုစပ်လုပ်ကိုင်ဆောင်ရွက်ခြင်း

....

(ဂ) အဖွဲ့အစည်းနှင့် အခြားအဖွဲ့အစည်းတို့က အစုစပ်လုပ်ကိုင်ဆောင်ရွက်ခြင်း

....

၅။ ဖွဲ့စည်းထားပြီးဖြစ်သည့် သို့မဟုတ် ဖွဲ့စည်းမည့်စီးပွားရေးအဖွဲ့အစည်း ပုံသဏ္ဌာန်-

(က) တစ်ဦးတည်းပိုင်

(ခ) ဖက်စပ်/အစုစပ်လုပ်ငန်း

(ဂ) လီမိတက်ကုမ္ပဏီ — သိမ်းဂါးမန့်ကုမ္ပဏီလီမိတက်

(ဃ) သမဝါယမအသင်း

Annex (1)

(အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီ/ အများပိုင်ကုမ္ပဏီဟု ဖော်ပြ၍ ထည့်ဝင်မည့် မတည်ငွေရင်း အချိုးအစား၊ စီမံခန့်ခွဲသူ/ စီမံခန့်ခွဲမည့်သူများ၏ အမည်၊နေရပ်လိပ်စာများနှင့် ရာထူးတို့ကိုပူးတွဲတင်ပြရန်)

၆။ ဖက်စပ်/ အခုစပ်လုပ်ငန်းဖြစ်ပါက-

(က) အစုစပ်တို့က ထည့်ဝင်မည့် အစုငွေအချိုးအစားနှင့် ပမာဏ
